ကျေးရွာတွင်းရှိ အိမ်တိုင်းတွင်အဝီစိတွင်းစက်တပ်များရှိပါသည်။ ချောင်းရှိသော်လည်း မိုးရာသီတွင်သာရေစီးဆင်းပါသည်။ တစ်နှစ်ပတ်လုံး သောက်သုံးရေ ဖူလုံမှု ရှိပါသည်။ ကျေးရွာတွင် လက်ရှိ ယင်လုံအိမ်သာ (၃၀၀) လုံးရှိပြီးကျန်သောအိမ်ထောင်စု(၁၅)စုသည် တစ်ဝိုင်းတည်းတွင်(၂)အိမ်နေထိုင်သူများ ဖြစ်ပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် သမဝါယမချေးငွေလုပ်ငန်း ရှိသော်လည်း တစ်ဦးလျှင် ကျပ် (၁၅၀၀၀၀) မျှသာ ထုတ်ချေးနိုင်ပါသည်။ စိုက်ပျိုးရေးဘဏ်မှ အတိုးနှုန်း ပြား (၈၀) ဖြင့် ဧွန် ၊ ဇူလိုင်လများတွင် ငွေထုတ်ချေးပေးသော်လည်း ပုံစံ (၇) တင်ပြနိုင်မှသာ ချေးငွေရရှိသဖြင့် တောင်သူအများစုမှာ ချေးငွေမရရှိခြင်း၊ ရွာတွင်းငွေချေးပေးသူထံမှ တစ်လလျှင် အတိုး (၄-၅) နှုန်းဖြင့် ချေးငွေရရှိသော်လည်း ပိုင်ဆိုင်သည့် မြေကွက် ၊ အထည်လက်ဝတ်လက်စားရွှေနှင့် သဘောတူစာချုပ်ချုပ်ဆိုရခြင်း ၊ မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ကာလတိုချေးငွေ ရယူခြင်းများ ရှိပါသည်။

## (င) ပညာရေး

မုံညင်းရိုးကျေးရွာတွင် သက်ကြီးပိုင်း အနည်းငယ်မှလွဲ၍ အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်အချက်ကို တတ်မြောက်ကြပါသည်။ လူငယ်အမျိုးသား၊ အမျိုးသမီး အများစုသည် ဘွဲ့ရများ ဖြစ်ကြပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းခွဲထိ ဖွင့်လှစ်နိုင်သော်လည်း ယခုလက်ရှိ ပင်မကျောင်းဆောင်မှာ ကျေးရွာလူထု၏ ကိုယ်ထူကိုယ်ထဖြင့် ဆောက်ရွက်ထားပြီး ၆၀' × ၃၀' မှန်ဆောင် တစ်ထပ်အုတ်ညှပ်ဆောင်ကို နိုင်ငံတော်မှ ဆောက်လုပ်ပေးထားပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိသော်လည်း ကျေးရွာတွင်းရှိ ကျောင်းသားများသည် အလယ်တန်းအဆင့်ထိ တက်ရောက်လိုသူဦးရေ များပြားလာခြင်း၊ မြို့ပေါ်အထက်တန်းကျောင်းသို့ သွားရောက်ပညာ သင်ကြားရာတွင် ကလေးများအတွက် အန္တရာယ်ရှိခြင်းနှင့် ငွေကြေးအခက်အခဲများကြောင့် အလယ်တန်းကျောင်း အထိ အဆင့်မြှင့်တင်ပေးရန် လိုအပ်ပါသည်။

## (စ) ကျန်းမာရေး

မုံညင်းရိုးကျေးရွာရှိ ကျေးရွာလူထုအနေဖြင့် ရာသီအလိုက် ဖျားနာခြင်း၊ အအေးမိခြင်းနှင့် ဆီးချို၊ သွေးတိုးရောဂါများသာ ဖြစ်လေ့ဖြစ်ထ ရှိပါသည်။ ကျေးရွာတွင်ဆေးပေးခန်းမရှိသဖြင့် (၃)မိုင်ခန့်ကွာဝေးသော လက်မြှောင်ကျေးရွာဆေးပေးခန်းသို့လည်းကောင်း၊ စိုးရိမ်လူနာများအား (၂၀)မိုင်ခန့်ကွာဝေးသောအောင်လံမြို့နယ်နှင့်(၅၀)မိုင်ခန့်ကွာဝေးသောပြည်မြို့သို့လည်းကောင်းသွားရောက်ဆေးကုသမှုခံယူကြရပါသည်။

(၄)မိုင်ခန့်ကွာဝေးပါသည်။ လိုအပ်လာပါကတိုက်နယ်ဆေးရုံနှင့်မြို့နယ်ဆေးရုံသို့သွားရောက်ဆေးကုသမှုခံယူကြရပါသည်။

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၈၇ | ကောင်း☐ သင့်☑ ညံ့☐ | ရှိ |
| အဝီစိတွင်း/ စက်တပ် | ၁၇ | ကောင်း☐ သင့်☑ ညံ့☐ | ရှိ |
| အဝီစိတွင်း/ တုံကင် | ၂၅ | ကောင်း☐ သင့်☑ ညံ့☐ | - |
| မိုးရေ သိုလှောင်ကန် | - | ကောင်း☐ သင့်☐ ညံ့☐ | ရှိ |
| မြစ်/ချောင်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| ရေကန် | - | ကောင်း☐ သင့်☑ ညံ့☐ | ရှိ |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်**

၁။ ကျေးရွာတွင်အရေပေးဝေရေးအနေဖြင့် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတူးဖော်ပေးသောစက်ရေတွင်း(၁)တွင်းရှိပြီး အဝီစိတွင်းနှင့် တုံကင်တွင်းများမှလည်း ရာသီမရွေးခပ်ယူသုံးစွဲနိုင်သဖြင့် ရေလုံလောက်မှုရှိပါသည်။

### (၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၈၈ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | - |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

